www.linhtet.com




www.linhtet.com

# ဝင်းမောင်

## အမြိုးရောင်သီချင်း

ကဗျာများ

kokonaing

www.linhtet.com

## ဒို့တာဝန် အရေးသုံးပါး

- ❖ ပြည်ထောင်စုအပြိုကွဲရေး — ဒို့အရေး
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ❖ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄)ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.linhtet.com

စာမူခွင့်ပြုချက်အမှတ်– ၁၃/ ၂၀၀၃ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်– ၂၁/ ၂၀၀၃ (၅)

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၂၀၀၃ ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ–၅၀၀

**မျက်နှာဖုံးပန်းချီ**
ကိုကိုနိုင်

**စာအုပ်ချုပ်**
ကိုမြင့်

**ထုတ်ဝေသူ**
ဦးတင်ရှိန် (စန်းရောင်ရှိန်စာပေ)
အမှတ် ၄/ ၁၇၇၊ မေခလမ်း
ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလပ
ရန်ကုန်မြို့။

**အဖုံးပုံနှိပ်သူ**
ဦးတင်အောင်ဝင်း (၀၃၃၀၉)
ဘိုးရာဇာအော့ဖ်ဆက်
၁၆၂၊ ၄၅လမ်း (အထက်)၊ ရန်ကုန်မြို့

**အတွင်းပုံနှိပ်သူ**
ဒေါ်စောညွန့် (၀၄၀၁၄)
မင်းမင်းဇော်အော့ဖ်ဆက်
၁၆၃၊ ၄၆လမ်း(အထက်)၊ ရန်ကုန်မြို့။

**စီစဉ်သူ**
မိုးဦးဆွေညိန်း
နီမျိုးထက်

**အလင်းငှက်များ**
အမှတ် ၁၁/၆၄
ဂေါက်ကွင်းလမ်း
တညင်းကုန်း၊ အင်းစိန်
ရန်ကုန်မြို့။

တန်ဖိုး (၅၀၀)ကျပ်

www.linhtet.com

**ဝင်းမောင်**

# အပြုံးရောင်သီချင်း

ကဗျာများ

**အလင်းငှက်များအနုပညာ**
အမှတ်(၁၁/၆၄) ၊ ဂေါက်ကွင်းလမ်း၊ တည်င်းကုန်း
အင်းစိန်၊ ရန်ကုန်မြို့။

www.linhtet.com

## မာတိကာ


| | | |
|---|---|---|
| | ဝင်းမောင်၏အမှာ | ၆ |
| ၁။ | ရေနဲ့ရေးသောနာမည်များ | ၉ |
| ၂။ | တစ်နေ့သ၌ | ၁၂ |
| ၃။ | မွေးနေ့လက်ဆောင် | ၁၄ |
| ၄။ | ခြေလှမ်းများနေ့တစ်နေ့၏ | ၁၆ |
| ၅။ | ချစ်သောကမ္ဘာမြေ | ၁၉ |
| ၆။ | ဘဝ၏လက်ပြန်ရိုက်ချက် | ၂၀ |
| ၇။ | မိမိ၏ခြေသံကိုရေတွက်ခြင်း | ၂၂ |
| ၈။ | ၁၉၉၀ | ၂၄ |
| ၉။ | ချုပ်ရိုးပေါ်ကနွေ | ၂၆ |
| ၁၀။ | သူနှင့်အခြားသောအရာများ | ၂၈ |
| ၁၁။ | တစ်ယောက်တည်းတည့်အောင်နေခြင်းအစီအစဉ် | ၃၀ |
| ၁၂။ | ဘဝ၏အလွမ်းဇာတ်ခုံ | ၃၂ |
| ၁၃။ | အိတ်ဆောင်အဘိဓာန် | ၃၄ |
| ၁၄။ | လောကကိုပြိုင်တူပြုံးမိခြင်း | ၃၅ |
| ၁၅။ | တေးဆိုတဲ့ဝိညာဉ် | ၃၆ |

www.linhtet.com


| | | |
|---|---|---|
| ၁၆။ | အိမ်အပြန် | ၃၈ |
| ၁၇။ | ထမင်းလုံးတစ္ဆေ | ၄၀ |
| ၁၈။ | ဘဝ၏ဝေဒနာအလင်းစက်များ | ၄၂ |
| ၁၉။ | နံနက်စောစောရယ်မောခြင်း | ၄၄ |
| ၂၀။ | ဘဝ၏ခရီး | ၄၆ |
| ၂၁။ | မိတ်ဆွေဖွဲ့ခြင်း | ၄၈ |
| ၂၂။ | အပြုံးရောင်သီချင်း | ၅၀ |
| ၂၃။ | သမီး | ၅၁ |
| ၂၄။ | တစ်ယောက်တည်းမှောင်နေတဲ့အလကားကောင် | ၅၂ |
| ၂၅။ | ဒုလ္လဘ | ၅၄ |
| ၂၆။ | ကော်ဖီသောက်ရင်းစဉ်းစားခြင်း | ၅၆ |
| ၂၇။ | မနက်ဖြန်သုံးစရာ စကားလုံးရှာခြင်း | ၅၈ |
| ၂၈။ | မီး | ၅၉ |
| ၂၉။ | ငါ့သူငယ်ချင်းသို့ | ၆၀ |
| ၃၀။ | သမုဒ္ဒယလက်ခုပ်သံ | ၆၂ |

www.linhtet.com



ဝင်းမောင်၏အမှာ

၁။

တစ်နေ့တုန်းဆီကအနုပညာအရောင်တလက်လက်နဲ့''အလင်းငှက်များ''ဟာ ကျွန်တော်ရှိရာ ပျံသန်းလာကြတယ်။

''အစ်ကိုရေးခဲ့တဲ့ ကဗျာတွေကို ကျွန်တော်တို့ စာအုပ်ထုတ်ချင်လို့''တဲ့။

၂။

အဲဒီတော့မှ –

ကျွန်တော်က နှစ်ကာလအတန်ကြာ အာရုံငါးပါးရဲ့ မုန်တိုင်းမိပြီးတဲ့နောက် ° ° ° ° ငါစီးလာခဲ့တဲ့လေယာဉ်ပေါ်မှာ ကမ္ဘာလောကဆိုတာကြီးပါသလားလို့ သတိပြုမိလာတယ်။

အဲဒီတော့မှ –

ကျွန်တော်ဟာ ဆင်ကန်းတောတိုးသဘောမျိုးနဲ့ အများသုံးဝေါဟာရထဲက တစ်စုံတစ်ခုနှင့်တည့်တည့်ကြီးတိုးနေပါလားလို့လည်းသတိပြုမိလာတယ်။

သူတို့အခေါ် ° ° ° ° ° ကဗျာဆရာဆိုလား။

၃။

ကျွန်တော်ထပ်မံ မိုက်မဲမိဖို့ရာအတွက် သူတို့ကပဲဖြားယောင်းသွေးဆောင်လာတာလား။ သူတို့တွေထပ်မံ မိုက်မဲမိဖို့ရာအတွက် ကျွန်တော်ကပဲ သွေးဆောင်ဖြားယောင်းခဲ့မိလေသလားဆိုတာတော့မပြောတတ်တော့ဘူး။ တစ်စုံတစ်ခုကြောင့် လူသိရှင်ကြားနစ်မြုပ်ခဲ့တဲ့ကျွန်တော့် သဘော်ကြီးကို သူတို့ ဆယ်ယူကြမလို့တဲ့။ အဲ့ဒီမေးခွန်းလိုလို၊ ညီနိုင်းချက်လိုလိုဟာကို ကျွန်တော်ဘယ်လိုမှ ခေါင်းမခါမိခဲ့ဘူးဆိုတာကို တိတိကျကျကြီးသိနေပါတယ်။

www.linhtet.com



၄။
ကဲ – ဟောဒီသမုတိနယ်မှာ
အနုပညာဆိုတာ
ဘယ်တံဆိပ်ကပ်ကပ်သောက်လို့ရရင်ပြီးရောဆိုတဲ့
ကျွန်တော်တို့ကတော့ ဗာဂျီးနီးယားအစစ်ပါဆိုတဲ့
အရောင်းသွက်စီးကရက်တွေမဟုတ်ဘူး
အဲဒီအနုပညာဆိုတာတွေထဲမှာ
ကဗျာဆိုတဲ့အရာက ပိုဆိုးသေး ° ° ° ° °
ကဗျာတစ်ပုဒ်ကိုဖတ်ပြီး 'ဓားပြ'ဖြစ်သွားတာမရှိသလို
ကဗျာတစ်ပုဒ်ကိုဖတ်ပြီး မင်္ဂလာ၊ ဖိုလ်ဆိုက် နိဗ္ဗာန်ကို တိုက်ရိုက်
သွားတယ်ဆိုတာလည်းမရှိဘူးဆိုတာ လောကရဲ့ လူကသိတယ်။
ဒါပေမဲ့
ကဗျာစစ်ကဗျာမှန်ကို ဖတ်မိမှ လူဆန်တယ်ဆိုပြီး
စာပေလောကရဲ့ ရှေ့ဆုံးကအရာလေးကိုပေးပါ။ စာပေလောကရဲ့ 'ကဝိ'
ပစ္စည်းဆိုတာလေးကိုပေးပါလို့ အခုမိတ်ဆွေရဲ့ရှေ့က မျိုးဆက်သစ်တွေ
အထိ မရိုးနိုင်တဲ့ ဓာတ်ပြားဟောင်းကြီး အပ်ကြောင်းထပ်နေပါတယ်။
ဒါကြောင့်
ကျွန်တော်နဲ့အတူလူဆန်ဖို့
ကျွန်တော့်ကဗျာတွေ တင်ပြလိုက်ပါတယ်။

၅။
အနုပညာနဲ့ပတ်သက်ရင် သံသရာကြွေးမတင်ချင်လို့ ဟောဒီစာအုပ်ရဲ့
မျက်နှာဖုံးပန်းချီဟာ မမှတ်မိနိုင်လောက်တဲ့ အချိန်ကာလတွေထဲက
ကမ္ဘာလောကရဲ့ နေရာလေးတစ်ခုမှာ ကျွန်တော့်သူငယ်ချင်း ကိုကိုနိုင်
ဆွဲခဲ့တာပါလို့ပြောကြားရင်း ° ° ° ° ° ° ° °

လေးစားစွာ
ဝင်းမောင်
၁၀•၁၁•၂၀၀၂

www.linhtet.com



## ရေ နှင့် ရေးသောနာမည်များ

*တေးကဗျာ၊ ဖေဖော်ဝါရီ ၁၉၉၁*

''သမိုင်းစာအုပ်ထဲမှာ
ဝါကျတစ်ခုရေးချလိုက်စမ်းပါ''
. . . . . လို့
ကမ္ဘာလောကအတွက်
အကွက်အဆင်ဆန်းပြားတဲ့
အင်္ကျီတစ်ထည်
မနက်ဖြန်ဝယ်ပေးလိုက်ပါ။

ပို့စ္စ. . . . .
ဗီဇာအတုစစ်စစ်နဲ့
ပြက္ခဒိန်အသစ်တစ်ရွက်လာလေရဲ့
လောကခံပါဆယ်တစ်ထုပ်ကိုကိုင်လို့
အဲဒီအထဲမှာကတော့
ဘဝဆိုတဲ့အန်စာတုံးရောင်စုံတစ်ခုပါတယ်။

အဲဒီအထဲမှာ
ကုစ္စာသယပါးစပ်ပေါက်တစ်ပေါက်
ဇောချွေးပျံဘာသာစကားတစ်ခွန်းနဲ့
ပတ္တမြားရောင်ဆောင်တဲ့
တစ်ဆယ့်တစ်ပါးသောမီးတွေပါတယ်။

**အာလင်းနက်များ**

www.linhtet.com



အဲဒီအထဲမှာ
ဝေနေယျတွေအတွက်
အိပ်မက်ကောင်းတဲ့ဆောင်းရာသီနဲ့
ရယ်စရာကောင်းတဲ့အိမ်တစ်လုံးပါတယ်။

သတ္တဝါတွေအတွက်ကတော့
စပါးနှံတစ်ခက်
ရှက်တတ်တဲ့အချစ်နဲ့
မုန်တိုင်းကိုအကာအကွယ်ပေးမယ့်
စာရွက်ဖြူဖြူတစ်ရွက်ပါတယ်။

အဲဒီအထဲမှာ
အိမ်ခြေယာခြေ
အတည်တကျမနေချင်တဲ့စိတ်အတွက်
ထိပ်တုံးခတ်မယ့်စပျစ်သီးတစ်လုံးပါတယ်။

အဲဒီအထဲမှာ
အကြင်နာတရားရဲ့ကိုယ်စား
ရှားပါးတဲ့အရောင်တစ်ခုနဲ့
မနုဿက ဇနာကိုဖြတ်ကူးဖို့
သမုတိတံတားဟောင်းတစ်ခုပါတယ်။

**အလင်းငှက်များ**

www.linhtet.com



ပြီးတော့
နိုင်ငံခြားဖြစ်အပ်တစ်ချောင်းနဲ့
ဝက်သိုးချုပ်သီထားတဲ့ မေတ္တာတရားရယ်
ပါမစ်မရှိဘဲ
အရောင်းအဝယ်လုပ်ထားတဲ့
အနိစ္စစာချုပ်တွေရယ်ပါတယ်။

အဲဒါတွေဟာရေနဲ့ရေးထားတာမို့
ခဏကြာရင်ပြယ်သွားလိမ့်မယ်ထင်ရဲ့။

သူငယ်ချင်းတို့ရေ
မိတ်ဆွေတို့ရေ
မောင့်ကြင်ဖက်သက်လျာရေ
ကိုယ်တို့ရဲ့အစာအိမ်ကို
လိမ်ညာဖို့အတတ်ပညာ
ပါမပါဆိုတာ
ကမ္ဘာကြီးရဲ့အင်္ကျီအိတ်ထဲမှာ
တို့များရှာကြည့်ကြဦးစို့လားကွယ်တို့။ ။

**အာလင်းငှက်များ**

www.linhtet.com



## တစ်နေ့သဥ္

*တေးကဗျာ၊စက်တင်ဘာ၊၁၉၉၁*

''ကိုယ်တို့နေတဲ့လောကကြီးဟာ
ဘာနဲ့တူသလဲ''တဲ့။
အကဲစမ်းသလို မင်းကလေး
မေးမှ မေးရက်တယ်ကွယ် ။ ။ ။ ။ ။။
ခပ်လွယ်လွယ် ပြောကြစတမ်းဆိုရင်
တို့မြင်နေကြလမ်းဘေးမှာ
မသေဆေးရောင်းနေတဲ့
အလမ္မာယ်ဆရာရဲ့ ပချုပ်နဲ့တူသပေါ့ ။ ။ ။ ။ ။။
အထဲမှာကတော့ မြွေမျိုးစုံ
ဘယ်ပုံစံနဲ့ပဲကိုက်ကိုက်
ကတိုက်ကရိုက်သေကြရတာချည်းပဲ ။ ။ ။။
ကြည့် –
မင်းသိဖို့ပြောပြမယ်။
တကယ်တော့ ငါတို့
မင်းတို့တစ်တွေရဲ့ ရင်ထဲကအဆိပ်ဟာ
မြွေဆိပ်ထက်ပြင်းတယ်ဆိုရင်။
မင်းယုံချင်ပါ့မလား ။ ။ ။
လူသားတစ်ဦးရဲ့ ကိုယ်ထဲမှာ
အဆိပ်မျိုးအိတ် ဆိုတာရှိလေရဲ့ ။ ။ ။။

www.linhtet.com



တစ်မျိုးက
လောဘဆိုတဲ့
တစ်မျိုးက
ဒေါသဆိုတဲ့
တစ်မျိုးက
မောဟဆိုတဲ့
ဒီအကောင်တွေဟာ
မင်းတို့ ငါတို့မချစ်သော်လည်းအောင့်ကာနမ်းနေရတဲ့
မြွေဆိုးတွေပေါ့ ◦ ◦ ◦။

ပြီးတော့–
တစ်ယောက် တစ်မျိုးစီ
ချစ်ပြ
တစ်ယောက် တစ်မျိုးစီ
ပြုံးပြ
တစ်ယောက် တစ်မျိုးစီ
မုန်းကြ
လုံးဝယုံကြည်တယ်ဆိုတာ ဘယ်အရပ်မှာတဲ့လဲ ◦ ◦ ◦
ဒီနေရာမှာမြွေနဲ့ကင်းတဲ့အလမ္ပာယ်ဆရာဖြစ်ချင်ရင်
ကမ္ဘာစစ်ကိုတော့မုန်းကြရလိမ့်မယ်။ ။

**အာလင်းငှက်များ**

## မွေးနေ့လက်ဆောင်

*ပင်လယ်၊ ဒီဇင်ဘာ၊ ၁၉၉၂*

မကြာသေးမီကအစ
ဒီဗုဒ္ဓဟူးနေ့မှတိုင်အောင်
ဝဋ္ဋဒုက္ခဟာ ရေမီးအစုံအလင်နဲ့။

မြွေပွေးကို မိုးကြိုးပစ်စဉ်
ကြည်တာရာ နက္ခတ်အသစ်တို့ ရေမျော
ရုပ်ရည်ချော ကိန်းဂဏန်းတို့ ချုံခိုစောင့်ဆိုင်း
အတိုင်းမသိယဉ်ကျေးရ
ကိုယ့်ကိုယ်ကို ပျောက်ဆုံးရ
ဟောဒီလိုပြုံးရတာ လေးလံလွန်းလှချည့်။

www.linhtet.com



လူတတ်တို့ရဲ့ အကြည့်မျိုးနဲ့
အတွေးသေးသေးလေးကိုကောက်ယူ
မဖြစ်စလောက် အလင်းစလေးမှာ
အပေါင်း၊ အနုတ်၊ အမြှောက်၊ အစားတွေ
ပင်အပ်နဲ့တွယ်ချိတ်
စုံးပြုံးစေ့ စိတ်ကူးစိတ်သန်းတွေ
အင်္ကျီအိတ်ထဲထည့်
အခုလို
တင်းတင်းကျပ်ကျပ် လက်ချင်းညှစ်လို့
ဝမ်းသာအယ်လဲ နှုတ်ဆက်လိုက်ပုံဟာ
ထမင်းတစ်လုတ်နဲ့ပတ်သက်မနေဘူးလား။

စိတ်ကူးယဉ် ကိုလိုနီတစ်ခုအပေါ်မှာ
သူ့ကိုယ်သူဘယ်လောက်တန်မှန်းမသိတဲ့ အဓိပ္ပာယ်ပေါ်မှာ
ဘာဆေးလိမ်းရမှန်း မသိတဲ့ရိုးသားမှုပေါ်မှာ
သောက်ရေအိုးဟာ အသည်းနှလုံးကို
သော့ခတ်ခဲ့ပြီ။ ။

**အာလင်းငှက်များ**

www.linhtet.com



## ခြေလှမ်းများနေ့ တစ်နေ့၏

*တေးကဗျာ၊ ဇူလိုင်၊ ၁၉၉၃*

လှောက်ရည်တစ်ခွက်အတွက်
ငွေသုံးကျပ်ရဲ့အလေးချိန်ကိုရှာ
မင်္ဂလာရှိတဲ့နံနက်ခင်းကိုမပြေလည်မှုနဲ့လာဘ်ထိုး
ငှက်တစ်မျိုးရဲ့အသံကိုယူဆောင်
ခပ်ကြောင်ကြောင်လူတစ်ယောက်
လမ်းလျှောက်လာလေရဲ့။

အမှတ်တမဲ့ မိတ်ဆွေဖွဲ့မှုရဲ့
မတော်တဆလောင်ကျွမ်းတဲ့မျက်နှာ
တစ်ခါတလေတော့သနားဖို့ကောင်းခဲ့။

www.linhtet.com



နှုတ်ဆက်
လက်ပြ
ရယ်လိုက်
မောလိုက်
ပြီးတော့ချစ်
ပြီးတော့မုန်း
ပြီးတော့အသစ်ကပြန်စ။

ရသခြောက်ပါးက
ဘဝကိုဝါးမျို
အဲဒီဘဝဆိုတာကို အဆီညှစ်
ငွေဖြစ်မယ့်လက်မှတ်ကို အရောင်ဆိုးရင်
ဒါမျိုးတွေပြေလည်တတ်ပါသလား။

**အာလင်းငှက်များ**

www.linhtet.com



တောအရက်တစ်ခွက်အတွက်
ကြက်သွန်ဥတစ်လုံးဟာ
အသေအချာအသုံးဝင်ခဲ့ပါတယ်။

ဒါဟာ
နေ့ရက်ကိုအာခံတဲ့
ပူပြင်းတဲ့ဆာလောင်မှု
ဘယ်ရာစုအထိသွားမှာလဲဆိုတာ
သိချင်ရဲ့။

သေမင်းကိုစိတ်ပုတီးနဲ့ရိုက်လွှတ်ဘို့
သူငယ်ချင်းတို့ရေ ° ° °
ထမင်းတစ်ပန်းကန်လိုတယ်
ရေတစ်ခွက်လိုတယ်
ဘာသာစကားတစ်မျိုးလိုတယ်
အင်း ° ° °
စာအုပ်တစ်အုပ်လည်းမရှိမဖြစ် လိုသပေါ့။

ဪ ° ° °
ဖော်ဖော်ရွှေရွှေရှိလိုက်
မူယာမာယာများလိုက် ဖြစ်နေတဲ့ကမ္ဘာကြီးဟာ
ဒီတစ်ခါ ခပ်တည်တည်နဲ့ပါလား။ ။

www.linhtet.com



## ချစ်သောကမ္ဘာမြေ

*ဟန်သစ်၊ စက်တင်ဘာ၊ ၁၉၉၃*

ဒီနေ့လည်း
ဟိုနေ့တွေလိုပါပဲ
ရင်ထဲမှာကမ်းပြိုနေတယ်။
လက်ဘက်ရည်သောက်ရင်း
ဆေးလိပ်ဖွာရင်း
စပ်ဖျင်းဖျင်းအနေအထိုင်ကို လှမ်းယူထားလိုက်တယ်။
‘ခင်ဗျားအားသလား’
အသားများများအဓိပ္ပာယ်ကိုက်ချီလာခဲ့ပါ။
‘သတိ၊ ပညာ
ဉာဏ်မြေကတုတ်. . .’တဲ့
အဲဒီ အဆုပ်ထဲမှာဆုတွေလာဘ်တွေပြည့်သိပ်
မေးထူးခေါ်ပြောတတ်တဲ့စိတ်လည်းရှိ
ပိန်းပိတ်အောင်မှောင်အတိလည်းမြင်ရ
မိန်းမမာယာလည်းပါလိမ့်မယ်ထင်ရဲ့။
အလှည့်ကျသော
ကိုယ်တို့တစ်လောကလုံးဆူလွှယ်နပ်လွှယ်
အူတိုင်အထိ ပုပ်ယိပျက်စီးခဲ့သော်
သြော်. . အချိန်ဖြုန်းတီးမိသူချင်း
လူနာသတင်းမေးပုံဟာ ရယ်စရာ။
ဖျတ်ခနဲသတိရမှ
ကမ္ဘာမြေကိုနမ်းကြည့်
အရသာရှိတဲ့ဘဝကိုတွေ့ပါရစေတော့လား။ ။

**အာလင်းငှက်များ**

## ဘဝ၏ လက်ပြန်ရိုက်ချက်

*တေးကဗျာ၊ ဇွန်၊ ၁၉၉၄*

ညက
နားလည်ရခက်တဲ့သက်ပြင်းချသံ
အထက်တန်းကျကျစုန်ကန်သောအခါ
ဖျားသင့်တဲ့အတိုင်း ဖျားလေ၏။

မာတာပီတုရဲ့
တားမြစ်ချက်အနားလေးဘက်မှာ
ကဗျာဖြစ်အောင်ရေးမိသူ
ဒီလူ၊ ငါ
အကြင်နာဖျာတစ်ချပ်နဲ့
လွဲချော်မှုအကြိမ်ကြိမ်မျက်နှာချင်းဆိုင်တိုးရ
အလိုရမ္မက်ကြီးတဲ့ဘဝကို မီးလောင်
အချစ်ကိုတောင်ပံဖြန့်ကာ ချနင်းခဲ့ရတာနဲ့ပဲ
ငါဝမ်းမနည်းသင့်ဘူးလား။

ဘဝထဲက
လွင့်စဉ်ကျလာတဲ့ အသံခါးခါးတွေ
သံဝေဂကို ပျားရည်လောင်းလို့
တူရိယာတွေ လောင်ကျွမ်းလို့
အကြောက်တရားနဲ့လမ်းမှားလို့
ရှေ့နားနည်းနည်းတိုးကြည့်တော့
သီချင်းတစ်ပုဒ်ဖြစ်ပြန်ရော။
ထိုနည်းအတူ
ရေးစပ်ဖွယ်ရာအခါသမယ
လက်ရှိဘဝက လက်ရှိဘဝကိုမြည်းကြည့်
သတ္တိရှိရှိအရသာယူ
စုတ်သပ်၊ နှုတ်ခမ်းသိမ်း၊ တစိမ်းဆန်
အခုလိုဟန်မပျက် အဆိပ်တက်နေတာလေးကိုပဲ
သဘောကျတယ်။

ငါချစ်ရသောမိတ်ဆွေများ
ငါ့အား(ဒီကစားကွင်းထဲမှာ)
သိုင်းပညာ သင်ချင်၍ အဘိဓမ္မာစာအုပ် ငှားရမ်းပါ
ဒီမှာ
နာရီကိုနာရီနဲ့ရက်လုပ်တဲ့ရက်ကန်းစင်မှာ
ကျွန်တော်၊ ငါ
ဘယ်နှစ်ခါပျော်ရွှင်ရဦးမလဲဆိုတာ
သိခွင့်ရှိမလား။ ။

**အာလင်းငှက်များ**

**မိမိ၏ခြေသံကိုရေတွက်ခြင်း**

*ဟန်သစ်၊ ဇွန်၊ ၁၉၉၄*

နလုံးသားတို့
ခေါ်ထူးပွဲတင်မှုများ ထုပိန်းစေရန်
လက်ရမ်းကို ခိုင်စေချင်၏။

အခန်းဝင်လာပုံက
ရော်ရွက်တွေ ကြွေလာသလိုပဲ။

ထိုကဲ့သို့ ရည်ရွယ်လျက်
ဖွဲ့နွဲ့လိုက်ပါတော့လားဆို
အလို – ခင်ဗျားမှာရောဂါရှိနေပြီလား။

အကောင်းစားမို့
အကောင်းဆုံး လွှင့်ပစ်ရမယ့်
တန်ဘိုးနိမ့် ညောင်းညာမှုများ
ဝမ်းသာစကား၊ နှစ်တစ်နှစ်၊
အိပ်မက်တစ်ခု၊ ရုပ်ရှင်ရုံတစ်ရုံ
ချစ်လွန်းလို့ အော်ဟစ်ဆဲဆိုပုံကို
ငါကိုယ်တိုင် ကြုံဖူးတယ်လို့ဆိုပါ။

**အာလင်းဒေါက်များ**

''ဘဝကို တကယ်
ခင်တွယ်ပါသလား ・・・ ''တဲ့

ဝဲပုံခြင်းအတတ်နဲ့ အတောင်ပံကျိုးပုံရဲ့ နှစ်ထပ်ကိန်း
မျက်နှာကို နင်းချေမယ့် လက်လျှော့အရှုံးပေးစိတ်
ကွဲလွဲချက်ပေါ် တိတ်တိတ်ကလေး ရိုက်ကပ်မှီတွယ်
ဘိတ်ဘိတ်ဆုံး လူရှိသေ ရှင်ရှိသေ တစ်ခုခုရဲ့အဓိပ္ပာယ်မှာ
''ဘယ်သွားမလို့လဲ''
''ဘယ်ကပြန်လာသလဲ''
''ထမင်းစားပြီးပလား''
''နေကောင်းရဲ့လား''
မလိုအပ်ဘဲ ခရီးသွားဟန်လွဲပဲ့တင်
တစ်နေဝင် တစ်ခေတ်ကုန်မြန်လွန်းတဲ့ စကြဝဠာ

'မသိဘူး
・・・・・・・・ဘာဆိုဘာမှမသိချင်ဘူး''
ငယ်ငယ်တုန်းကလို
ခဲဖျက်ဟာ အသုံးဝင်ပါစေတော့။ ။

**အာလင်းငှက်များ**

**၁၉၉၁**

*တေးကဗျာ၊ဇွန်၊၁၉၉၄*

အိမ်ရှေ့မှာ
ချစ်စရာကောင်းတဲ့ လမ်းကလေးရယ်လို့
အေးတိအေးစက် ပလက်ဖောင်းရှိရင်
ဘဝင်မြင့်ခြင်း အတတ်ကို သင်ကြားပေးတဲ့မြို့
သူတို့တွေကြားမှာ
ကဗျာဆရာနေပါတယ်။

ပရိယေသနကို တန်းစီတိုးရင်း
ဘယ်ခြေညာယိမ်း အိမ်ပြန်ခြင်းအတတ်
ဆတ်ခနဲ
ယူဇနပန်းကိုင်းကျိုးသံ မကြားလိုက်ဘူးလား။

ဖတ်ခနဲ
လှမ်းဆွဲလိုက်တဲ့ လမင်းရဲ့ လက်မှာ
မှင်သက်ရဲ့ အသားတစ်တွေပါသွား
အင်တိုက် အားတိုက် ပေါ့ပါးလို့
မီးကုန်ယမ်းကုန်လူပီသလို့
အဲဒါအိပ်ရေးဝတဲ့ နေ့တစ်နေ့ရဲ့ နေသာခဲ့ပုံပေါ့။

**အာလင်းငှက်များ**

ဆိုပါတော့
ကျွမ်းကျင်ရာလိမ္မာရာ
မနေ့က ငါ့ငှက်ပစ်ခဲ့ဘူး
ဂရုတစိုက် ခလုပ်တိုက်ခဲ့ဘူး
ပြောဆိုနေကျစကားထဲ
မျက်စေ့သူငယ်နဲ့ အပျော်လွန်ခဲ့ဘူး
ဒုလ္လဘပေါ် ဒုလ္လဘဆင့်ကာ
ရှုသွပ်ခဲ့ဘူးရဲ့။

အဲသလိုနဲ့
ပေါင်ခံသူနဲ့ ပစ္စည်းရွေးသူလိုရယ်
နေကွယ် လထွက် လူးလဲပျံသန်း
ကျွန်တော် စမ်းဆွဲတဲ့ ကြိုးစရဲ့အဆုံးမှာ
'ရွှေစင် တစ်မတ် ငွေငါးကျပ်
. . . ရွှေစင်တစ်မတ် ငွေငါးကျပ် . . . 'တဲ့
အမေက သီချင်းအဆန်းဆိုပြ
ပါးစပ်က ဆေးလိပ်သောက်ချင်လို့
ဒီနေ့အကြောင်းကို
ရုပ်ရှင်ကြည့်လိုက်တယ်။ ။

**အာလင်းငှက်များ**

## ချုပ်ရိုးပေါ်ကနွေ

*ဟန်သစ်၊ ဇူလိုင်၊ ၁၉၉၄*

သေတာနဲ့
ရှင်တာကို
အမြီးကစပြီး မျိုခဲ့တယ်
အပ်နှစ်စင်းထိခွင့်ရတဲ့နေ့က။

ထိုမှအစ
မှားမှန်းမသိခင် မှားခဲ့
မှားမှန်းသိတော့လည်း ပိုမှားခဲ့
ဒါ ငါ့ရဲ့အားကစား ထူးချွန်ဆုတစ်ခုပါ။

## အလင်းငှက်များ

အခုမှ
အလဟဿဖြုန်းတီးမိတဲ့
နောင်တနဲ့ နေ့စဉ်
ကိုယ့်အတ္တကို အလှပြင်လို့
ငယ်သံပါအောင် အော်ခေါ်ခဲ့
ကောင်းကောင်းနေချင်တဲ့စိတ်တွေ
ကောင်းကောင်းစားချင်တဲ့စိတ်တွေ
ကောင်းကောင်းဝတ်ချင်တဲ့စိတ်တွေ
အဲဒီ မိုက်တွင်းနက်နက်ထဲမှာလေ။

လူ့ဘဝဟာသတစ်ခုမှာ
ဘယ်လိုမှ ရယ်စရာမကောင်းလို့
ရယ်ရ
နောက်ထပ်ပြက်တစ်ခု
ငါနဲ့ငါတည့်အောင်မနေတတ်ခဲ့တာလည်းပါ
ဒါ တစ်သက်လုံး တောင့်တင်းနေခဲ့တဲ့ဝေဒနာပဲ။

ဒီမှာ
ငါမှတ်သားမိသလောက်တော့
ငယ်ငယ်တုန်းကနွေဟာ
အခုလောက် မပူတာသိပ်သေချာတယ်။ ။

**အာလင်းငြက်များ**

## သူနှင့် အခြားသော အရာများ

*ဟန်သစ်၊ ဇူလိုင်၊ ၁၉၉၅*

အဆင်မပြေတဲ့ ဘဝကို
အမည်ပေး ခွင့်ပြုသမျှထက် ဈေးကြီးပေးဝယ်ဖို့
သက်တန်းစေ့အောင် ပန်းကိုင်းကျိုး သံကျယ်လောင်
''ဟော့ကောင်
ချောက်ကမ်းပါးကို ကပ်မလျှောက်နဲ့ ◦ ◦ ◦''တဲ့
အဲသလို အဘိဓမ္မာဆန်သူက
အန္တရာယ်သစ်အကြောင်းဆွေးနွေးတယ်။

ခပ်ကြောင်ကြောင်မျက်နှာ ကြောတင်းသူ
ကျင့်သားရအောင် ဆင်းရဲသူ
မိန်းမရဲ့ ဗိုက်ထဲက စကြဝဠာအသစ်ကို ငေးမောသူ
ဥမ္မတ္တကောပေါ်မှာ တက်ထိုင်မိသူမို့
အဋ္ဌလက်ကိန်းတွေ
သုံးထပ်ကိန်းတွေ
မဟာဘုတ်တွေ
အကျယ်တဝင့် ဝရုန်းသုန်းကားဖြစ်ရ
ဒါကပဲအချစ်ကို သေသေချာချာမြင်ဘူးသူရဲ့
ဥပမိ ရုပ်လို့ဆိုပြန်

သွားစမ်းပါ
ဒီမှာ
အတိအကျပြောရရင်
မရှိမဖြစ်ခြင်းတွေမှာ
မရှိလို့ဖြစ်အောင်နေခြင်းနဲ့ရွဲ့စောင်းခဲ့သမျှ
အခုခေါင်းကိုက်တာနဲ့ ထပ်တူကျနေပြီ။

မေ့လျော့စွာ ဖြစ်တည်ခဲ့မိလို့
ထွက်ခွာဖို့အတွက် ဒူးတဆတ်ဆတ် ရင်တဒိတ်ဒိတ်
အိပ်ရေးပျက်ခြင်းအကြောင်းလည်း မပြောချင်
ဒီထက်ပိုပြီး ထိတ်လန့်မိတယ်။

ခု
ကလေးလေးတစ်ယောက်ရဲ့ အတွေးနဲ့
လောကကို အားလျား မှောက်အကြည့်မှာ
အခြားသောအရာတွေ ပိကျလာရဲ့။ ။

**အာလင်းငှက်များ**

**တစ်ယောက်တည်း တည့်အောင်နေခြင်း**
**အစီအစဉ်**

*သရဖူ၊ ဇူလိုင်၊ ၁၉၉၅*

ခုဖွာနေတဲ့ ဆေးပေါ့လိပ်လို
ရာဇဝင်ပြန်တွေးနေတဲ့ ဣန္ဒြေဟာ မီးတရဲရဲ။

အဘိဓမ္မာသင်တန်းဆရာကြီးလောကဓံအောက်
အပ်ဖျားပေါ် မုန်ညင်းစေ့တင်သလောက်မှ မငြိမ်းဘူးဆိုရင်
အဲဒီဂီတကို နားမထောင်ချင်ဘူး။

ကြည့်စမ်း
တိမ်တွေ၊ တိမ်တွေ
မိုးကိုသယ်လာခဲ့ပြန်ပြီ။

**အလင်းငှက်များ**

မနေ့က၏
ယနေ့၏
'အသိ ∘ ∘ ∘ 'တဲ့
အဲဒါလေးကို အဲသလို သူ့ချည်းပဲဝါးစား
အထားအသို မှန်ပါစေ
လေလုံမိုးလုံ ရှိပါစေ
အပျင်းပြေကစားနည်း တစ်ခုလို
အကြောလျှော့ ဖြေသိမ့်ခြင်းထဲ ဝက်အူရစ်လှည့်ဝင်
ကျုပ်အထင်ကရ နေထိုင်မှုမှာတော့
တစ်ယောက်တည်း မသင့်မြတ်ခဲ့တာ
ကြာပြီ။

ကျုပ် အလိုမတူပဲ
ရာသီတွေ လဲနေကြတယ်
ခင်ဗျားတို့ သက်သေရှိရဲ့။

အဆင်မပြေဘူး
ဘာတစ်ခုမှ အဆင်မပြေဘူး
ဝိသာခါနက္ခတ် ရာဟုခာတ်စီးတဲ့အချိန်မှာ
မွေးခဲ့လို့လား။ ။

**အာလင်းငှက်များ**

## ဘဝ၏အလှမ်းဇာတ်ခုံ

*စတိုင်သစ်၊ စက်တင်ဘာ၊ ၁၉၉၄*

ဆိုပါတော့
ပုံသေနည်းတစ်ခုမှာ
အဆင်မပြေတဲ့ဘဝကို
ခဏလေးပြန်စဉ်းစားလိုက်တာက
သစ္စာတရားတစ်မျိုးပေါ့။

သိမ်မွေ့နူးညံ့စွာ မုန်းတီးဖို့
ရိုင်းရိုင်းစိုင်းစိုင်း ချစ်ဖို့
တစ်ခုခု မလိုအပ်တော့ဘူးဆိုတာဟာလဲ
လိုအပ်တယ်ဆိုတဲ့ သတ္တိလိုပဲ
အရေးကြီးတာပေါ့။

ဘဝတစ်လျှောက်လုံးမှာ
လိုအပ်တာထက်ပိုပြီး
ဈေးကြီးတဲ့ဒုက္ခတွေကြောင့်
ကန်သင်းတွေရှောင်ခဲ့ရ
တောင်တွေကျော်ခဲ့ရ
ချုံတွေရှင်းခဲ့ရ
ဆူးတွေနင်းခဲ့ရ
ပြီးတော့မှ
လူဟာ လူရာဝင်ခဲ့ရ
ဒါ ရိုးသားစွာဆန်းပြားတဲ့ကိစ္စပဲ။

သေခြင်းကို မမြင်၍
မြွေပွေးကို တက်နင်းခဲ့သူများ
ပြုတ်သားကြပါပေရဲ့။

လောကရဲ့ဟီးထဗောင်းလန်မှုပေါ်မှာ
တစ်ကိုယ်တော်ဘဝဆန်ကြ
ဝတ်ကြီးဝတ်ငယ်ပြုကြ
မိကောင်းဖခင်သားသမီးပီသကြ
မျှော်လင့်ချက်ပေါ်မှာ
သေသေချာချာထိုင်ကြနဲ့
ခိုကိုးရာမဲ့ကမ္ဘာမှာ
ပန်းတွေ
အမှန်တကယ်လှနေတာ
ထူးဆန်းတယ်။

ကမ္ဘာမြေပေါ် အလျင်ရောက်သူက
နာမည်မှည့်စတမ်းတဲ့
''လွမ်းဖို့ကောင်းလိုက်တာ''။ ။

**အာလင်းငှက်များ**

## အိတ်ဆောင်အဘိဓာန်

*ရနံ့သစ်၊ ဒီဇင်ဘာ၊ ၁၉၉၅*

ဖြူးဖြူးဖြောင့်ဖြောင့် အခြေအနေ နေသားတကျဖြစ်ဖို့
တခြားလူတွေရဲ့ အပူအပင်လို့ သဘောထားလိုက်
(အဲသလို ယူဆရင် ◦ ◦ ◦ ◦ ◦
◦ ◦ ◦ ◦ ◦ လက်ခံခွင့်ပြုမလား)
ကျေးဇူးပြု၍ ငြိမ်ငြိမ်နေပါ
မျက်နှာမသစ်ပါနဲ့
ခြေမဆေးပါနဲ့။
နှစ်ကို နှစ်နဲ့ပေါင်းရင်'လေး'
နှစ်မှ နှစ်ကို မြှောက်ရင်ဆိုတဲ့ 'ဟာသ'
ဘဝမှာ ဗူးလေးရာ ဖရုံဆင့်ရန် မဆိုသလောက်သာ၊
ကလေးငယ်ရဲ့ နုနယ်မှုတွေ အလုအယက်ခန်းသွားပုံဟာ
အထိတ်တလန့်သိတော့
တွေးတောမှု
စကြဝဠာ၊ ကမ္ဘာ
ဥပမိရုပ်နဲ့ ပိုက်ဆံ
တိုက်ဆိုင်တတ်ပုံတွေ ဟိုတစ်စ ဒီတစ်စ
မျှော်လင့်ချက် အဲသလောက် တုန့်ခါနေပုံထောက်ရင်
သူ
ရိုးသားလို့ ထမင်းငတ်တာ သေချာတယ်။
ယုံကြည်မှုကို ဒေါသနဲ့ထွေးထုတ်ပစ်လိုက်ရင်
မျက်ရည်စိမ်းတွေထွက်ကျလာလိမ့်မယ်။ ။

**အလင်းငှက်များ**

**<u>လောကကိုပြုင်တူပြုံးမိခြင်း</u>**

**ဟန်သစ်၊ ဖေဖော်ဝါရီ၊ ၁၉၉၈**

တောင့်တချက်တွေသာ မြင်းဖြစ်နိုင်ရင်
သူတောင်းစားလည်း မြင်းစီးနိုင်ရမှာပေါ့။
ပြတ်သားပါပေ့
ရဲရင့်ပါပေ့
ကိုယ့်ဟောကိန်း ကိုယ်မယုံတဲ့နက္ခတ်ဆရာရယ်
၃၁ ဘုံကို လက်ခုပ်ထဲ ထည့်ပြီး
ရယ်စရာတစ်ခုလောက်ပြောစမ်းပါ. . . . တဲ့
မိတ်ဆွေက
အဲဒါကိုက ရယ်စရာဖြစ်နေတာကို မသိလေခြင်း
တကယ်တော့
ကိုယ်ချင်းစာ တရားဆိုတာ
''ဖိမ်ခံပစ္စည်းပေါ့ဗျာ . .
သောက်သုံးတတ်တယ်ဆိုရင်ပေါ့ . .'လို့
ကျွန်တော် တစ်ယောက်တည်းရဲ့ အလိုအရ
ပြောမိတော့
ဇာတ်ကြီးဆယ်ဘွဲ့ကို ကျမ်းပြုသလို
မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလို့
မိတ်ဆွေက
ရယ်တာ။ ။

## တေးဆိုတဲ့ဝိညာဉ်

*ဟန်သစ်၊ ဇန်နဝါရီ၊ ၁၉၉၆*

သီချင်းမရှိသောအရပ်မှာ
အိပ်မက်မရှိသောအရပ်မှာ
ကိုယ်ကိုပြန်မတ်ကာ
ကံကြမ္မာမျက်နှာသာပေးသည့်အတိုင်း။

ဟုတ်ပေပြီ
အဆင့်အတန်းမြင့်ချင်စိတ်တို့၏
ဝင်ရိုးများ
ဘီးများ
အိပ်ဆေးပြင်းပြင်းများ
မထီလေးစားစကားများနဲ့
ရေနံဆီမီးအိမ်ကို အစိုးရိမ်ကြီးခဲ့
ကြယ်ကြွေတာကိုလည်း နှမြောခဲ့တယ်။

**အာလင်းငှက်များ**

မိုးကောင်းကင်ထဲက
အကွေ့အကောက်တွေ
နံရံတွေ၊ တံတိုင်းတွေ
သက်ဝင်ပါရှိစွာ
ပုံနှိပ်ထားသောစကားလုံးထဲမှာ
ငြင်းခုံဆွေးနွေးရန်
ဒီလိုပဲလား
တစ်ချို့လူတွေနေကြထိုင်ကြတာက။

ဒီလိုပဲလား
ငါ့မှာ နေမိထိုင်မိတာက။

ဒီလိုပဲလား
စားပင်သောက်ပင်စိုက်ပျိုးထားတာက။

ဒါဇင်ပေါင်းများစွာ ပျင်းရိစရာကောင်း
ကြွားဝါဖို့ကောင်းလောက်အောင်
ဝမ်းနည်းခဲ့ဖူးပြီ။

တစ်မူထူးခြားစွာမပြောလိုပါ
အမှန်တရားနဲ့တထေရာထဲတူဖို့
အိပ်ရေးဝဝအိပ်ပါရစေ။ ။

**အာလင်းငှက်များ**

## အိမ်အပြန်

*သရဖူ၊ ဖေဖော်ဝါရီ၊ ၁၉၉၆*

တစ်နေ့တာအတွက်
ပြည့်စုံလုံလောက်စွာ စုဆောင်းမိသမျှ
မသင့်လျော်သောအတိုင်းအတာများ အစွန်းပို
အားရဝမ်းသာ ချွေးစိုခဲ့
ဘိုသီဘတ်သီချစ်ခဲ့
အမေအားကိုးနဲ့ဖျားခဲ့ပေါ့။

## အလင်းငှက်များ

မွေးစကတော့
ပင်လယ်ကြီးတစ်ခုလုံးပိုင်ခဲ့တာပဲ
ပြုံးမှ ◦ ◦ ◦
လှိုင်းကြီးမိုးခေါင်၊ ပတ်ကြားအက်
သီချင်းဆိုရင်း သမိုင်းထဲတောင့်တင်းလျက်
'မနက်ဖြန် ◦ ◦ ◦'တဲ့
သူ့ကိုပဲ အနီးကပ်ကြည့်ရင်း
ဘဝဟာတဖြည်းဖြည်းအဝေးမှုန်
အားငယ်စိတ်အစုံအလင်တစ်ခိုင်လုံးကြွေကျ
'သဘာဝ ◦ ◦ ◦'တဲ့
သူကိုယ်တိုင်ကိုက ပုံမကျပန်းမကျနဲ့
နားရည်ဝနေတဲ့အသံတွေ အရောင်လွင့်ကုန်ပြီ။

မယုံကြည်နိုင်လောက်အောင်
ပြင်းထန်တဲ့ ပဲ့တင်သံအံ့ဖွယ်
ငါ့မိတ်ဆွေအတွက်ရယ်
ငါ့မိန်းမအတွက်ရယ်
အကြွင်းမဲ့နားလည်အောင် ပြောပြဖို့ဆို
တစ်စုံတစ်ယောက် နောက်ထပ်လိုအပ်တယ်။ ။

**အာလင်းနေက်များ**

## ထမင်းလုံးတစ္ဆေ

*ဟန်သစ်၊ အမှတ်(၆၈)၊ ၁၉၉၆*

အူမ,တောင့်မှ သီလစောင့်မယ်လို့
ခပ်လွယ်လွယ် အကြောတွေ လျှော့ခဲ့ရတာလည်း
များလှပါပြီကွယ်။

တစ်ခါတစ်ရံ
လူသာမန်တို့ရဲ့ ပုံတိုပတ်စ
အဲဒီ မိုးလေဝသကို မှန်းဆရင်
ဆေးဘက်ဝင်သော ဂုဏ်သိက္ခာတစ်ခုနဲ့
အဆိပ်တက်သော ဝမ်းနည်းမှုကို ရလိမ့်။

ခန်းဆီးစကို လေတိုးလို့
လပြည့်ညကို မီးလောင်ပြီ
အချစ်ရေ တို့တစ်တွေ ဘယ်နေ့ ချွေးတိတ်ကြမှာလဲ။

**အလင်းငှက်များ**

ခပ်သော့သော့ စကားလုံးတွေနဲ့
ကိန်းဂဏန်းတို့ ထိုးကြိတ်သတ်ဖြတ်တဲ့ပွဲ
စက်ဝိုင်းဆွဲဖျက်ပစ်တဲ့ စွန်တစ်ကောင်လို
ကဗျာဆရာတွေ သူငယ်ချင်းတို့
မင်းတို့လိုငါ
မြေပေါ်မှာ
မွေးဖွားခဲ့
ကြီးပြင်းခဲ့
ချစ်တတ်ခဲ့
ကြောက်တတ်ခဲ့
ရှုးနှမ်းခဲ့ပေါ့။

'ဘဝဆိုတာ ပစ်ချခံရတာပဲ ° °'တဲ့
အဲဒီ မြက်ရိုင်းတောကို မျှော်ကြည့်လိုက်ရင်
ရှိုက်ကြီးတငင် မျက်ရည်ပေါက်တွေ ပြည့်လို့
အရယ်အပြုံးနဲ့ အရာအားလုံးဟာ
ကြောက်စရာ အရှိန်အဟုန်နဲ့ သွားနေတုန်း
ပြုန်းခနဲ 'တန်ဖိုး'လို့ရေးလိုက်တာ
ဘယ်လောက် တန်သလဲ။ ။

**အာလင်းနက်များ**

## ဘဝ၏ဝေဒနာအလင်းစက်များ

*သရဖူ၊ ဇွန်၊ ၁၉၉၇*

ပျော်ရွှင်ဖွယ်ရာ ကစားနည်းပေါ်မှာ
အမှန်တရားကို မိတ်ဆွေမဖွဲ့လိုပါ
အဖော်ဆိုတဲ့အသံကလေးကချစ်စရာကောင်းပေရဲ့။

အရဲစွန့်ထူထောင်မယ့်
အိမ်ထောင်ရေး တောင်ကမ်းပါးယံအတွက်
သူ့လက်ထဲမှာ
ဖိုင်တစ်ခု၊ အဝတ်တစ်စုံ
ဆွဲခြင်းတစ်လုံးနဲ့ အချစ်။

ငါ့လက်ထဲမှာ
ရောဂါဘယ၊ ဒုက္ခ၊ အသိတရား
ကဗျာတစ်ပုဒ်၊ ဖောင်တိန်တစ်ချောင်းနဲ့ အချစ်။

ဝက်အူရစ်ကို အဆုံးထိအောင်တင်းလို့
ဒုက္ခကို ဒုက္ခနဲ့ပေါင်းပြီး
သူမခုန်ချခဲ့တယ်။

## အလင်းစက်များ

တို့များက အလင်းရောင်ရှာသူပေမို့
သွားတဲ့လမ်းက မှောင်လွန်းတယ်။

ယုံကြည်မှုတွေ
အစွန်းထွက်လွန်းပေစွ
အလေးသာလွန်းပေစွ
သီချင်းစပ်ဆိုစရာချွေးစက်များ
ဖုန်ထူတဲ့လမ်းကြောင်းများ
အတောင်မညောင်းခင်ပျံသန်းနေသူများ
အို ◦ ◦ ◦ သူငယ်ချင်းများ
မိတ်ဆွေများ
ညီအစ်ကိုမောင်နှမများ
လူသားများ
သင်တို့ရှေ့မှာ
ဒဏ်ရာရနေသော ကျားနှစ်ကောင်
အနှစ်တစ်ထောင်ထိ ဒီပုံပြင် မဟောင်းနိုင်ဘူး။

ကံဆိုတာ
စေတနာကို ဟောတယ်
ငါတို့မှာ ဒိုင်ယာရီ ရှိတယ်
ဒီသီချင်း မင်းကြီးလာရင်
ဆက်ဆိုပေတော့ သမီးလေး။ ။

**အလင်းငှက်များ**

**<u>နှံ့နှက်စောစော ရယ်မောခြင်း</u>**

*သရဖူ၊ စက်တင်ဘာ၊ ၁၉၉၇*

ချစ်တော့မယ်ဆဲဆဲ
ဒီတစ်ည
မိုးလင်းရပြန်ပြီ။

ကြားခဲ့ဖူးရဲ့
''လူ့ဘဝကလေးဟာ ရေပွက်ပမာ
ယာယီမှတ်ပုံတင်တံဆိပ်
အပ်ဖျားပေါ်က မိုးညှင်းစေ့ ° ° °''တဲ့
လေ့လာစရာ မများလွန်းဘူးလား။

''သတိရခြင်းဟာ ◦ ◦ ◦
◦ ◦ ◦ ရှိသင့်တာထက် ပိုတဲ့ အရှုပ်အထွေးတွေ ◦ ◦ ◦ ''တဲ့
အလိုမတူဘဲ
ဒီစကားကိုလက်ခံရရှိလိုက်တာဟာ
ဘုရားအလောင်းနဲ့သိက္ခမ်းပြီး
ခုနစ်ရက်စောသေသွားတဲ့ 'အာဠာရ'လို
နာတယ်။

အလွမ်း၊ အဆွေး
အလိုရမ္မက်
ဒီတေးကို သေသေချာချာ ဆိုဖူးသလားမေးရင်
ဖွပ်ဥအဆိမ့်ဆုံးလို့သာ ဖြေလိုက်ချင်တယ်။

မိုးကောင်းကင်ရဲ့ အစကို မရှာချင်သူရဲ့ ဒုက္ခ
ခု ရနေတယ်။

သမုတိနယ်က သစ္စာတရားကို မတွေ့ရသေးသမျှ
အနာဂတ်ကို မီးမလောင်စေချင်ဘူး
ဘဝမှာ
(ဖြစ်နိုင်မယ်ဆိုရင်)
အမေ့ဝမ်းထဲကနေ
ကိုယ့်နာမည် ကိုယ်ခေါ်ပြီး ထွက်လာချင်တယ်။ ။

**အာလင်းငှက်များ**

**ဘဝ၏ခရီး**

*စတိုင်သစ်၊ အောက်တိုဘာ၊ ၁၉၉၈*

မနက်ခင်းကြည်နူးမှုများ
သမားရိုးကျ အလင်းများ
အဓိကရ ပီတိများ
ရှေ့ရှုမွေးဖွားနိုင်ရန် ခရီးနှင်မှု အရိပ်တဖွားဖွား။

အဲဒီနေ့က
တစ်ခွန်းစ နှစ်ခွန်းစ အလွမ်းဇာတ်နှယ်
အဆက်အသွယ်ဖြစ်ရုံ
မဆိုစလောက်ရွှန်းရွှန်းဝေခဲ့တာ။

## အလင်းငှက်များ

တာထွက်လာခဲ့ရာ
ဖြတ်သန်းဆဲရာစုတွေ အတွေး၌လောင်မြိုက်စဉ်။

ပထမတစ်ကြိမ်မှားသူ
နောက်တစ်ကြိမ်မှားသူ
''လူဆိုတာဘယ်သူလဲ''ဟုမသဲကွဲသေးခင်မှာ
''ကမ္ဘာကြီးကို နေပူလွှန်းတယ်''ဆိုသော
အစွန်း တစ်ဖက်နဲ့
အခြားအစွန်းတစ်ဖက်ဟာ
အရောရောအနှောနှော။

သီချင်းများယိုစီးရာ နံရံအပျက်၌
မွေးရပ်ဇာတိဘက်သို့ မျှော်ကြည့်
အိပ်ယာထဲလဲနေသော အမေသို့မျှော်ကြည့်
လယ်သမားအဖေသို့မျှော်ကြည့်
သုံးနှစ်သမီးလေးသို့မျှော်ကြည့်
ဇနီးမယားသို့မျှော်ကြည့်
သူငယ်ချင်းများသို့မျှော်ကြည့်
ရွှေမိုးငွေမိုးတို့ရွာစဉ်
အိပ်ပျော်နေသောငါ့အတ္တကို ငါအံ့ဩမိသမျှ
မည်မည်ရရ အလုပ်မရှိပုံကို သိမ်ဖျင်းဖျင်းဆွဲဆန့်
ရပ်တန့်၍ငေးမောမှုမှာ
ခေတ်တွေတရိပ်ရိပ်ပါလာတယ်။ ။

**အာလင်းငှက်များ**

**မိတ်ဆွေဖွဲ့ခြင်း**

*ဟန်သစ်၊ ဖေဖော်ဝါရီ၊ ၁၉၉၇*

ပျင်းလွန်းတာနဲ့
လက်ဖက်ရည်ဆိုင်ထိုင်ရင်း
အတင်းပြောတဲ့ရုပ်ရှင်တစ်ကားလောက်
ကောက်ကာငင်ကာကြည့်ချင်လာတယ်
အထင်သေးတဲ့ကရုဏာနဲ့။

ပြကွက်က
သွက်လက်လွန်းသမို့ မယုံနိုင်စရာ။

ဇာတ်နာပုံက
ဟာသဆန်လွန်းလို့ ကြည့်ရင်းပြုံးမိ
မင်းသမီး'ခါး'ကို ကြည့်ပြီးမင်းသားကပြောရှာတယ်
''ငယ်နာမည် မောင်ငြိမ်းချမ်း • •
ခရောင်းလမ်းပေါ်မှာသက်တမ်းကုန်ရတော့မှာလား • • ''တဲ့။

ဇာတ်ရှိကမှောင်လွန်းသမို့
ပရိသတ်မျက်ရည်ကို မမြင်

ဝါးနက ဝါးရင့်ပတ်သလို
ကော်လာတိုတိုနဲ့
အဓိပ္ပာယ်ကို ဆိုချင်သလိုဆိုနေတဲ့ သီချင်းပိုင်ရှင်များ
ခုပြောတဲ့ဝမ်းနည်းစကားထက်ပိုတဲ့ဒုက္ခ
အမျှဝေရင် သာဓုခေါ်စေချင်စမ်းရဲ့
ခင်မင်ရင်းစွဲနဲ့
မမြင်ရဲဘူးလား
မကြားရဲဘူးလား
မကြည့်ရဲဘူးလား
မိတ်ဖြစ်ဆွေဖြစ် ပြုံးပြလိုက်တဲ့ ပြုံးတတ်သလိုပုံစံပါလို့
မိတ်ဆွေအတွေးကို ဖြေကြည့်တယ်။

ကွဲပြားမှုကခွင့်ပြုသလောက်
'တန်ဖိုး'ကို ကျားကွက်ရွှေ့သလိုသဲ့ယူ
ထိုစဉ်
(မိတ်ဆွေက)
ယော့ ° ° ° လူ
''မင်္ဂဆိုတာ အမျှဝေလို့မရဘူး ° ° ° 'တဲ့။

ရှုခင်းတွေကထူးခြား
ဇာတ်ကားကကောင်းလွန်းလို့
ကမ္ဘာကြီးကို နောက်တစ်ခေါက် လာချင်စိတ်တွေက
တဖွားဖွား။ ။

**အာလင်းငှက်များ**

**အပြုံးရောင်သီချင်း**

*မြားနတ်မောင်၊ ဧပြီ၊ ၁၉၉၇*

တွေဝေရာ
အစက်သဘော၌ နစ်မျောစဉ်
မိုးပြိုရင် ဘယ့်နှယ်လုပ်မလဲဟုဆိုသောအခါ
လ,ရောင်ကိုခံစားတတ်သူပါဟု
ပြန်ဖြေမည်။
အုံ့သြဖွယ်ရာ ပျော်စရာများ
ဘယ်လမ်းကသွားသလဲ။
ဖန်တီးသွန်သင်မှုမှာ
ချစ်ခင်ပြုံးရယ်ခြင်းငှာမစွမ်း
အဲဒါကိုထမ်းထားရတာကိုက
အပြန်လမ်းကိုတွေ့သလိုလို။
လူတစ်ယောက်အတွက် အကုသိုလ်ဟာ
စကြဝဠာအပြည့်ရှိ၏ ° ° ° တဲ့၊
ကောင်းကင်၏ အပြာနုရောင်သည်
အလျင်ကအတိုင်းဖြစ်နေပြန်သည်။
အဲဒီတော့
'မောင်လူအေး' ဆိုတဲ့နာမည်အရ
'မပူပါဘူး' လို့ပဲ ယုံကြည်လိုက်ရုံရှိတော့တာ။ ။

## <u>သမီး</u>

*မဟေသီ၊ ဒီဇင်ဘာ၊ ၂၀၀၀*

အဲဒါနဲ့
မျှော်လင့်ခြင်းကြီးစွာ
သမီးအားလှည့်ကြည့်မိစဉ်
လောဘတို့က ယာဉ်ကြောအတိုင်း မောင်းနှင်လာ၏။
အဲဒါနဲ့
ဟောလစ်နဲ့ကြက်ဥဖျော်ထားတာနဲ့
ခဲတံနဲ့၊ ဗလာစာအုပ်နဲ့
သင်တိုင်းလှလှနဲ့
ပေါင်ကအနာ ဆေးလိမ်းတာနဲ့
အရိုးတွေ မနာကျင်ရအောင် မွေ့ရာနဲ့
အဲဒါနဲ့
ငါတို့ရှေ့က လောကကြီးဆိုတာနဲ့
လူတစ်လုံးသူတစ်လုံးဆိုတာနဲ့
အဲဒါနဲ့
အစကတည်းက မှန်းခဲ့ကြသလား
အစကတည်းက မှားခဲ့ကြသလား
လင်မယားနှစ်ယောက် ခပ်ကြောင်ကြောင်ငေးမိစဉ်
ဇောချွေးတို့
ယာဉ်ကြောအတိုင်း မောင်းနှင်လာ၏
အဲဒါနဲ့။ ။

## တစ်ယောက်တည်းမှောင်နေတဲ့ အလကားကောင်

*ဟန်သစ်၊ ဇွန်၊ ၂၀၀၀*

သောက်ဖို့
ခုချက်ချင်းသေချာ
မြေကြီးလက်ခတ်မလွဲ
အငွေ့ထောင်းထောင်းထ ကော်ဖီတစ်ခွက်ပါ။

လက်ထဲမှာ
လွတ်ကျစရာကောင်းလောက်အောင်
ပူလောင်
တစ်မုဟုတ်ချင်း
အထိတ်တလန့်ဖြစ်လောက်အောင်
အေးစက်။

ဒါပဲ
ဒီလိုပဲ
အချိန်ကာလဟာ
အချိန်ကာလလိုသေသေချာချာအေးစက်
အချိန်ကာလလိုသေသေချာချာပူလောင်
အိမ်မြှောင်တစ်ကောင်လို
ငြိမ်သက်တိတ်ဆိတ်နေချင်တယ်။

လူတွေ ငါ့လို မတွေးမိတာ မှန်မယ်
ငါ့အဖေ ငါ့လို မတွေးမိတာ မှန်မယ်
ငါ့သူငယ်ချင်း ငါ့လို မတွေးမိတာ မှန်မယ်
ငါ့မိန်းမ ငါ့လို မတွေးမိတာ မှန်မယ်။

အေး အဲဒီလိုဆိုရင်ဖြင့်
ငါကရော ဒီလိုတွေးမိတာ မှားသလား။

အလကားနေရင်း
ကဗျာရေးချင်တဲ့ လက်ကို ဖြတ်ပစ်မှဖြစ်မယ်။

အလကားနေရင်း
ခပ်ကြောင်ကြောင်ငေး
ခပ်ကြောင်ကြောင်တွေး
ထွေးလုံးရစ်ပတ် ဆေးလိပ်ဖိုးကုန်တဲ့ကောင်
ဒီတစ်ခါမှောင်ရင်
မိန်းမရေ
ငါ့ကိုသတ်ပစ်လိုက်စမ်း။ ။

**အာလင်းငှက်များ**

## ဒုလ္လဘ

*ကလျာ၊ အောက်တိုဘာ၊ ၂၀၀၀*

လမ်းဘေးက
ရေအေးအေးတစ်ခွက်သောက်နေတဲ့ပုံက
ယက်သဲ့ကြားတင်တဲ့ငါးလို
အထိတ်တလန့်။

ကိုယ့်ဆရာ၊ ဘယ့်နှယ်တုန်းဆိုတဲ့စကားမှာ
ချာခနဲ သူ့မျက်နှာကြီးပါလာရဲ့။

အကြောင်းတရား အကြောင်းမသိဘဲ
အကျိုးတရားအကြောင်း သိချင်လို့ရမလားတဲ့
ဆပ်ပြာသည်လို မေးခွန်းတွေ တဖျပ်ဖျပ်။

လေယာဉ်ပျံနဲ့သွားမှ ရောက်တဲ့အရပ်မှာ
သင်္ဘောကြီးကြီးနဲ့ သွားမှရောက်တဲ့အရပ်မှာ
လ,ပေါ်လူရောက်တဲ့အတွေးက အတိုင်းမသိကောင်းလို့
ခါးက စကပ်ကို ချွတ်ပြတဲ့အတွေးကျ မကောင်းပြန်ဘူး။

**အလင်းငှက်များ**

အခုလည်းဒီမှာ
နေသွားလမ်းကြောင်းအတိုင်း
ဗျိုင်းအုပ်တွေ ပျံသွားတာ မြင်လိုက်ရဲ့။

နေသွားလမ်းကြောင်းအတိုင်း
မင်းက ပိုရှူးသလား
ငါက ပိုရှူးသလား။

ခပ်သုတ်သုတ်စားလို့
ခပ်သုတ်သုတ်သွားတဲ့ ခြေလှမ်းအကြောင်း
အခုမှ သတိရသပေါ့လေ ။

ကောင်းပြီ။

မလိုအပ်တော့ဘူး
ငါ့ကဗျာတွေမလိုအပ်တော့သလို
မင်းကဗျာတွေမလိုအပ်တော့ဘူး။

ကမ္ဘာဦးအစကလို တို့တွေ ပြန်ဖြစ်သွားအောင်
မီးရှို့ပစ်လိုက်။ ။

**အာလင်းငှက်များ**

**ကော်ဖီသောက်ရင်း စဉ်းစားခြင်း**

*ချယ်ရီ၊ ဇန်နဝါရီ၊ ၂၀၀၁*

ဝန်ချီစက်လို
ခုချက်ချင်းကယ်တင်တော့မည့်
အပြုံးများ
စကားသံများ
အမူအယာများနဲ့
မိတ်ဆွေများရှိသော
တောင်ကျချောင်းလို မြို့လမ်းမတွေကြားမှာ
မလိမ္မာတဲ့ ငါ့စကားတွေ
အစကပြန်စသင့်သလား။

**အလင်းငှက်များ**

ခင်ဗျား၊ ကျွန်တော်၊ သူ
ခပ်လွယ်လွယ် ထွက်ကျတဲ့ဒေါသ
နေထွက်နေဝင်
မြို့ပြယဉ်ကျေးမှုနဲ့ စားကောင်းသောက်ဖွယ်
ဒီမှာ
ဒီအတွက်
ဉာဏ်အမြော်အမြင်နဲ့
စဉ်းစားတွေးခေါ်မှုနဲ့
ပီတိ၊ သုခ၊ ဆန္ဒနဲ့
အမှတ်တမဲ့ သတိရချက်နဲ့
ဒီမှာ
ဒီစိတ်
တည်ငြိမ်အေးချမ်းမှုဟာ ပုံပန်းပျက်ရ
လူနဲ့ လူ့ပတ်ဝန်းကျင် ပဋိပက္ခဖြစ်ရ
‘‘အနာဂတ်နဲ့ပတ်သက်ပြီး
အမြဲတမ်းမှားဖို့ အသိတရားတခု’’လိုအပ်သလားဟု
ဆင်ခြင်ရန်
လမ်းထိပ်စတိုးဆိုင်က
ကောင်မလေးနဲ့ ကောင်မလေးဖျော်တဲ့ ကော်ဖီတစ်ခွက်လို
ခွဲခြားရန် ခက်လှချည့်။ ။

အလင်းငှက်များ

## မနက်ဖြန် သုံးစရာ စကားလုံးရှာခြင်း

*မိုးဂျာနယ်၊ မေ၊ ၂၀၀၀*

ဒါသေချာပြီလား
တံတွေးကို အဝေးရောက်အောင် ထွေးပစ်နိုင်ရုံနဲ့
အရပ်ရှည်သူတစ်ယောက်လို့
အန္တရာယ်များသော အမှတ်အသား
စိပ်ပုတီးတစ်ကုံး၊ သွေးခုန်နှုန်း၊ နေ့စဉ်သုံးစကား
ဥစ္စာဓနကြီးပွားရာ ကစားနည်းတစ်ခု
ဒါတွေ
အဲဒါတွေကို ကိုင်ပြီး
အနာဂတ်ပေါ်မှာတည့်တည့်ထိုင်စရာလိုသလား။
စိတ်ကူးသက်သက်၏
အူမြူးတဲ့အနုတ်လက္ခဏာများ
''ခဏနေပါဦးလားမိတ်ဆွေရယ် ° ° °
မှုန်းဝါးသွားမှ ထမင်းစားကြတာပေါ့ ° ° ° ''တဲ့
တစ်ခါတစ်ရံ
အဖြစ်မှန်ထက်ပိုပြီး ပီသတဲ့ အခက်အခဲ
သော့ပျက်ထဲမှာမွေး
သော့ပျက်ထဲမှာသေ
လူ့ဝါဒတွေအတွက်
အဖြူတစ်ကွက် အမည်းတစ်ကွက် လှည့်ပတ်လို့
ထွန်းနေကျ ဖယောင်းတိုင်ကို ပွတ်သတ်လို့
တမလွန်အတွက် အဖတ်ဆယ်
မနက်ဖြန်ရယ်လို့ တကယ်မှ မရှိတာ။ ။

## မီး

*မဟေသီ၊ ဧပြီ၊ ၂၀၀၂*

အချစ်တစ်ခုမှ အချစ်တစ်ခုသို့ဝင်ရာ
အပြုံးတစ်ခုမှ အပြုံးတစ်ခုသို့ပူးရာ
ဘဝတစ်ခုမှ ဘဝတစ်ခုသို့ မျှော်ရာ
ဒါဟာ
သာယာနာပျော်ဖွယ်သော တယောသံလား။
အန္တရာယ်ကြီးမားတဲ့ လျှော့တိလျှော့ရဲနိုင်မှုမှာ
ကံဇာတာနဲ့အိမ်က မိန်းမကို မြို့ရှိုးပြ
ဘာမှန်းမသိတဲ့ လောကကြီးကို မြို့ရှိုးပြ
ဘာမှန်းမသိတဲ့ အသက်ရှင်ခြင်းကို မြို့ရှိုးပြ
ဘာမှန်းမသိတဲ့ သေခြင်းကို မြို့ရှိုးပြ။
အရေးကြီးတာတစ်ခုက
ငွေလိုတယ်
ထီထိုးမလား။
အမွေရမလား။
အချိုးကျကြေကွဲစိတ်ရဲ့ အံ့ဖွယ်မှာ
မှန်အိမ်ထဲကမီး ဘယ်က လာသလဲ ကျပ်မသိ
ဘယ်ရောက်သွားသလဲ ကျပ်မသိ
လက်နဲ့ထိရင် ပူတယ်ဆိုတာတော့ ကျပ်သိတယ်။
လူလိမ္မာ ပညတ်တစ်ခုအတွက်
ခပ်နက်နက်တူးကာ မိုက်ရဲတဲ့စိတ်ကို
ဘဝတစ်ခုလုံး ပေးဝယ်လိုက်ရင်
ကောင်းမလား။ ။

## အလင်းနက်များ

## ငါ့သူငယ်ချင်းသို့

*မဟေသီ၊ ဒီဇင်ဘာ၊ ၂၀၀၁*

ဒီမြို့ကငါဟာ
မင်းတို့မြို့မှာ မင်းတို့ စိတ်ညစ်သလို
အတူတူ သံသရာပေါ့။

ဘယ်သူမှ မပေးဘဲ
ဟုတ်ကဲ့ဆို ယူခဲ့တဲ့ဒုက္ခ
ပြဟ္မာဦးခေါင်းလို ငါ့လက်မှာ အလျှံတညီးညီး။

ဖြစ်စဉ်ပျက်စဉ် ဒိဋ္ဌများအရ
ငါဖျက်၍မပျက်သော ငါ့အလိုရမ္မက်များ ဆားလိုလျက်
ငါမဖျက်ဘဲ ငါ့၌ပျက်သွားသော လူစိတ်ဝင်မှုများ
ပြဇာတ်တစ်ပုဒ်လို မပြီးတော့ဘူးလား။

လင်မယား စစ်မဖြစ်တဲ့နေ့ကို လိုချင်
ထီပေါက်မယ့်နေ့ကို လိုချင်
ဘာအလုပ်မှ မလုပ်ဘဲ စာထိုင်ဖတ်ချင်။

## **အလင်းငှက်များ**

ဒီတစ်နာရီကနေ
နောက်တစ်နာရီကို လှမ်းမျှော်
ငါပျော်သလိုနေဖို့စဉ်းစားတာ
ကျောက်ခဲကို လဲမွှိုလုပ်သလို ပင်ပန်းရဲ့
ဇောချွေးပြန်ရဲ့။

သိပ်စိတ်ညစ်စရာကောင်းလွန်းတော့
အားရပါးရ ရယ်ရန် မင်းထံ အမှာပါး
ငါ့အံ့သြမှုမှာ မင်းအံ့သြစေရန် အမှာပါး
ယဉ်ကျေးရလွန်း၍ အဆိုးမြင်သမားငါ
မင်းထံ အမှာပါး။

ဘဝများစွာ
မင်းငါများစွာ

နေတက်ရေတက်မှာ
ငါ့စေတနာ ငါယုံလို့မင်းကိုပြောတဲ့စကား
ယုံမှားဖွယ်ရာမရှိသင့်ပေဘူး။ ။

**အာလင်းငှက်များ**

## သမုဒယလက်ခုပ်သံ

*idea၊ ဩဂုတ်၊ ၂၀၀၂*

ယူသွားစမ်းလောကကြီးဆိုလို့
ယုံချင်သလို ယုံခဲ့တယ်။

ယူသွားစမ်း ကမ္ဘာမြေဆိုလို့
နင်းချင်သလို နင်းခဲ့တယ်။

ဒါကို ''ဒီလို ချစ်တာပါဗျ''လို့
လက်နှစ်ဖက်ကို ဆန့်တန်းလို့
ပြုံးပြုံးကြီး မိတ်ဆွေဖွဲ့လို့

တရွေ့ရွေ့နေနဲ့အတူ
အချိန်မှန် အိမ်ကပြေးထွက်ခဲ့တဲ့လူ
လွယ်အိတ်တစ်လုံးသာ အဖော်ပါခဲ့တဲ့လူ
မြို့ကြီးထဲ ပျာယာခတ်ခဲ့တဲ့လူ

ပြန်ဖို့လာခဲ့တာ
လမ်းတွေက များလှချည့်လား။

**အလင်းငှက်များ**

လောကနီတိကို မျှော်ကြည့်တော့
မီးအိမ်လိုလို၊ ပိုးစုန်းကြူးလိုလို
အချိန်ကာလကို ငုံ့ကြည့်တော့
မှောင်မည်းလွန်းတဲ့ တွင်းနက်ကြီး
ကိုယ့်ကိုယ်ကို ပြန်မေးမိတဲ့ မေးခွန်းတွေကလည်း
ဝါကျင့်ကြွပ်ဆတ်လို့။

ကျောင်းပေါင်းလည်းစုံပြီ
ဆရာပေါင်းလည်းစုံပြီ
စာအုပ်စင်က စာအုပ်ထူထူကြီးတွေလည်း
ပိုးစား၊ ခြကိုက်၊ မှိုတက်
ခပ်သွက်သွက်ပြေးရလွန်းလို့ နေ့ခဲ့ရပါတယ်။

"ကိုယ့်လူရေ . . .
စတိုးဆိုင်က ပစ္စည်းတွေကတော့
တစ်နေ့တခြား မက်မောစရာကောင်းသဗျ"
လက်ခုပ်တီးပြီး အရမ်းကာရော လှမ်းမခေါ်ပါနဲ့
မျဉ်းကြားဆိုပေမယ့် အန္တရာယ်ရှိတယ်။ ။

**အာလင်းငှက်များ**




ဂံဆိုတာ
စေတနာကိုဟောတာတယ်
ငါတို့မှာ နိုင်ယာရှိရှိတယ်
ဒီသီချင်းမင်းကြိုက်တာရင်
ဆက်ဆိုပေးတော့သမီးလေး။

([illegible])